# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

ဦးဝင်းကိုမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ပျဉ်းမဆိပ်ကွင်း၊ ကွင်းအမှတ် (၄၅၀-က)၊ မြေကွက်အမှတ် (၂/၁၅၀၃)၊ ကျော်လှတောင်၊ ခွင့်ပြုမြေဧရိယာ (၂၇.၀၀) ဧကမှ ထုတ်နုတ် (၃.၅) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate-ECC)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၉၅၂ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးဝင်းကို<br>ပိုင်ရှင် |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | ဦးဝင်းကိုလမ်းခင်းကျောက်လုပ်ငန်း<br>ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်၊<br>မွန်ပြည်နယ်။ ဖုန်း ၀၉- ၇၈၃၇၁၆၇၁၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏အရွယ်အစား** | - | မြေဧရိယာ (၂၇) ဧကမှ ထုတ်နှုတ် (၃.၅) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | မြေကွက်အမှတ် (၂/၁၅၀၃)၊ ကျော်လှတောင်၊ ပျဉ်းမ ဆိပ်ကွင်း၊ ကြေးတိုင်ကွင်းအမှတ် (၄၅၀-က)၊ ချောင်းနှစ်ခွ ကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်။ |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၇-၇-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၁၆-၇-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | - | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၁-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇ (ထွေ)(၂၉၅/၂၀၂၄)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက်ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

(Signature) ၁၄.၈.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**ဦးဝင်းကိုမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ပျဉ်းမဆိပ်ကွင်း၊ ကွင်းအမှတ် (၄၅၀-က)၊ မြေကွက်အမှတ် (၂/၁၅၀၃)၊ ကျော်လှတောင်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ ဦးဝင်းကိုမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ကြေးတိုင်းကွင်းအမှတ် (၄၅၀-က)၊ ပျဉ်းမဆိပ်ကွင်း၊ မြေကွက်အမှတ် (၂/၁၅၀၃) ကျော်လှတောင်၊ မြေဧရိယာ (၂၇) ဧကအနက်မှ ထုတ်နုတ်မြေ (၃.၅) ဧကကျယ်ဝန်းသော လုပ်ကွက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၃၁-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇ (၀၃)(၅၈၀/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် ဦးဝင်းကို ကိုယ်တိုင်မှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဝင်းကို၊ ပိုင်ရှင်၊ ဦးဝင်းကိုလမ်းခင်းကျောက်လုပ်ငန်း၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်၊ ဖုန်း ၀၉- ၇၈၃၇၁၆၇၁၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ပထမဦးစွာကျောက်မိုင်းခွဲခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လူအင်အားဖြင့်ကျောက်တောင်အပေါ်ယံမြေနေရာကိုရှင်းလင်း၍ ကျောက်ထုတ်လုပ်မည့်နေရာအား အချင်း (၂) လက်မရှိသောလွန်ချောင်း Drill ဖြင့် အနက် (၆) ပေအထိရရှိအောင် တူးဖောက်ပါမည်။ ရရှိလာသောအချင်း (၂) လက်မ၊ အနက် (၆) ပေရှိသော rock hole အတွင်းသို့ ယမ်းနှင့်အနီးကြိုး (ယမ်းဖောက်ခွဲရာတွင် မီးရှို့၍ ရှော့တိုက်ရသောကြိုး) အားထည့်သွင်း၍ ရှော့တိုက်ပြီး ဖောက်ခွဲပါသည်။ မိုင်းခွဲပြီးပြိုကျလာသောကျောက်တုံးများအား (၁၀) ပေါင်တူဖြင့် (၆"×၉") အရွယ်အစားလမ်းခင်းကျောက်များရရှိအောင် လုပ်သားအင်အားဖြင့် ခွဲပါသည်။ ထွက်ရှိလာသော (၆"×၉") ကျောက်များအားဘက်ဟိုးဖြင့်ကုတ်ယူ၍ ကျောက်သယ်ကားများဖြင့် ကျောက်ကြိတ်ခွဲရာ နေရာသို့ သွားရောက်စုပုံပါသည်။ သယ်ယူလာသော (၆"×၉") ကျောက်များအား ကျောက်ခွဲစက်အတွင်းသို့ ထည့်သွင်း၍ (၂"×၄") ၊ (၁"×၂") ၊ ၁/၄" ၊ ၃/၄" အရွယ်ရှိ (chipping) ကျောက်များ၊ ၃.၈" အရွယ်ရှိ (topping) ကျောက်များနှင့် ကျောက်မှုန့် (fine) များထွက်ရှိသည်အထိ

ကြိတ်ခွဲပါသည်။ တစ်နှစ်လျှင် ကျောက်ကျင်းရေ (၁၅၀၀) ခန့်ထုတ်လုပ်မည်ဖြစ်ကြောင်းဖော်ပြထားပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းတွင်အသုံးပြုမည့်ဓာတုပစ္စည်းကုန်ကြမ်းများမှာ Ammonium Nitrate, Emussion, Cortex, Safety fuse, Detonators, Primer တို့ဖြစ်၍ စက်ယန္တရားများအနေဖြင့် ကျောက်ဖောက်စက် (25HP) နှစ်လုံး၊ ကျောက်ခွဲစက် (30HP) တစ်လုံး၊ ကျောက်သယ်ကား (4 tons) လေးစီးနှင့် ဘက်ဟိုးနှစ်စီးတို့ဖြစ်ပါသည်။ ရေသုံးစွဲမှုအနေဖြင့် အချင်း (၆) ပေခန့်၊ အနက် (၃၀) ပေရှိသည့် ရေတွင်းမှ မြေအောက်ရေထုတ်ယူသုံးစွဲ၍၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစု (၅၀) ဦးအတွက် ရေလိုအပ်ချက်မှာ တစ်နှစ်လျှင် (၃၆၀၀၀၀) ဂါလန်လိုအပ်ပါသည်။ လောင်စာဆီလိုအပ်ချက်မှာ လုပ်ငန်းဆောင်ရွက်သည့် တစ်လလျှင် အလုပ်လုပ်ရက် (၂၆) ရက်အတွက် (၅၂၀) ဂါလန်ဖြစ်ပြီး တစ်နှစ်ကျောက်ထုတ်ရာသီ (၅) လအတွက် (၂၆၀၀) ဂါလန် ခန့်လိုအပ်မည်ဖြစ်ပါသည်။ စီမံကိန်း၌ မီးစက်ရုံ (၁) ရုံ၊ ရေတွင်း (အချင်း (၆) ပေ၊ အနက် (၃၀) ပေ) တစ်တွင်း၊ ကွပ်ကဲမှုရုံး (၁) လုံး၊ ပစ္စည်းစတို (၁) လုံး၊ ကားဂိုဒေါင် (၁) လုံး၊ (၆) ခန်းတွဲ အလုပ်သမားတန်းလျား (၂) လုံး၊ အများသုံး အိမ်သာ (၈) လုံး၊ ရေစုကန် (၁) ကန်၊ စွန့်ပစ်ပစ္စည်း ကျင်း (၁၀'×၁၀'×၂') တစ်ကျင်းတို့ တည်ဆောက်ထားရှိပြီး ယမ်းသုံးစွဲမှုအနေဖြင့် မွန်ပြည်နယ် စုပေါင်းအားမာန်ကျောက်ထုတ်သမား အသင်းမှတစ်ဆင့် ကက (ကြည်း) ထံသို့ ယမ်းအသုံးပြု ခွင့်လျှောက်ထားပြီး သထုံခရိုင်၊ ပေါင်မြို့၊ ခ.မ.ရ (၁၁၈) မှ ခွင့်ပြုသော ယမ်းများကို အသုံးပြုပါသည်။ တစ်ပတ်လျှင် တစ်ကြိမ်ယမ်းပမာဏ (၁/၄) တန်ကိုထုတ်ယူပြီး တစ်ကြိမ်ဖောက်ခွဲလျှင် သုံးစွဲမည့်ယမ်းပမာဏမှာ (၁) ပေါင် အသုံးပြုကြောင်းဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မြေကွက်အမှတ် (၂/၁၅၀၃) ကျော်လှတောင်၊ ကြေးတိုင်းကွင်းအမှတ် (၄၅၀-က)၊ ပျဉ်းမဆိပ်ကွင်း၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်တွင် တည်ရှိပါသည်။

ဦးဝင်းကိုမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ပျဉ်းမဆိပ်ကွင်း၊ ကွင်းအမှတ် (၄၅၀-က)၊ မြေကွက်အမှတ် (၂/၁၅၀၃)၊ ကျော်လှတောင်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



ဦးဝင်းကိုမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ပျဉ်းမဆိပ်ကွင်း၊ ကွင်းအမှတ် (၄၅၀-က)၊ မြေကွက်အမှတ် (၂/၁၅၀၃)၊ ကျော်လှတောင်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း၏ ကျောက်ထုတ်လုပ်ကွက်ပြပုံ



## ဦးဝင်းကိုမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအုပ်စု၊ ပျဉ်းမဆိပ်ကွင်း၊ ကွင်းအမှတ် (၄၅၀-က)၊ မြေကွက်အမှတ် (၂/၁၅၀၃)၊ ကျော်လှတောင်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လမ်းခင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်

| | |
|---|---|
| အဆင့်(၁) | ကျောက်မိုင်းခွဲခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက်လူအင်အားဖြင့် ကျောက်တောင် အပါယ် မြေနေရာကို ရှင်းလင်းပါသည်။ |
| အဆင့်(၂) | ကျောက်ထုတ်လုပ်မည့်နေရာအား အချင်း(၂)လက်မ ရှိသော လွန်ချောင်း Drill ဖြင့်အနက်(၆)ပေအထိရရှိအောင် တူးဖောက်ပါသည်။ |
| အဆင့်(၃) | ရရှိလာသော အချင်း(၂)လက်မ၊ အနက် (၆)ပေရှိသော rock hole အတွင်းသို့ ယမ်းနှင့် အနီးကြိုး (ယမ်းဖောက်ခွဲရာတွင် မီးရှို့၍ရှော့တိုက်ရသောကြိုးအားထည့်သွင်း၍ ရှော့တိုက်ပြီး ဖောက်ခွဲပါသည်။ (သထုံခရိုင်၊ ပေါင်မြို့၊ ခ.မ.ရ(၁၁၈) မှ ခွင့်ပြုသော ယမ်းနှင့်ဆက်စပ် ပစ္စည်းများကို အသုံးပြုပါသည်။) |
| အဆင့်(၄) | မိုင်းခွဲပြီး ပြိုကျလာသော ကျောက်တုံးများအား ၁၀ ပေါင်တူဖြင့် (၆"×၉") အရွယ်အစား လမ်းခင်းကျောက်များရရှိအောင် လုပ်သား အင်အားဖြင့် ခွဲပါသည်။ |
| အဆင့်(၅) | ထွက်ရှိလာသော(၆"×၉")ကျောက်များအား ဘတ်ပိုးဖြင့် ကုတ်ယူ၍ ကျောက်သယ်ကားများဖြင့် ကျောက်ကြိတ်ခွဲရာနေရာသို့ သွားရောက် စုပုံပါသည်။ |
| အဆင့်(၆) | သယ်ယူလာသော(၆"×၉") ကျောက်များအား ကျောက်ခွဲစက် အတွင်းသို့ ထည့်သွင်း၍ (၂"×၄") ၊ (၁"× ၂") ၊ ၁/၄၊ ၃/၄ အရွယ်ရှိ (chipping ) ကျောက်များ၊ ၃.၈ အရွယ်ရှိ topping ကျောက်များ နှင့် ကျောက်မှုန့် (fine) များ ထွက်ရှိသည်အထိ ကြိတ်ခွဲပါသည်။ |
| အဆင့်(၇) | ရရှိလာသော ကျောက်ခွဲသားများကို အရွယ်အစား အလိုက် စုပုံ၍ ရောင်းချပါသည်။ |

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူသည် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၃၁-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇ (၀၃)(၅၈၀/၂၀၂၃) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ပထမဦးစွာကျောက်မိုင်းခွဲခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လူအင်အားဖြင့်ကျောက်တောင်အပေါ်ယံမြေနေရာကို ရှင်းလင်း၍ ကျောက်ထုတ်လုပ်မည့် နေရာအား အချင်း (၂) လက်မရှိသောလွန်ချောင်း Drill ဖြင့် အနက် (၆) ပေအထိရရှိအောင် တူးဖောက်ပါမည်။ ရရှိလာသောအချင်း (၂) လက်မ၊ အနက် (၆) ပေရှိသော rock hole အတွင်းသို့ ယမ်းနှင့်အနီးကြိုး (ယမ်းဖောက်ခွဲရာတွင် မီးရှို့၍ ရှော့တိုက်ရသောကြိုး) အားထည့်သွင်း၍ ရှော့တိုက်ပြီး ဖောက်ခွဲပါသည်။ မိုင်းခွဲပြီး ပြိုကျလာသောကျောက်တုံးများအား (၁၀) ပေါင်တူဖြင့် (၆"×၉") အရွယ်အစား လမ်းခင်းကျောက်များရရှိအောင် လုပ်သားအင်အားဖြင့် ခွဲပါသည်။ ထွက်ရှိလာသော (၆"×၉") ကျောက်များအားဘက်ဟိုးဖြင့်ကုတ်ယူ၍ ကျောက်သယ်ကား များဖြင့် ကျောက်ကြိတ်ခွဲရာနေရာသို့ သွားရောက်စုပုံပါသည်။ သယ်ယူလာသော (၆"×၉") ကျောက်များအား ကျောက်ခွဲစက်အတွင်းသို့ ထည့်သွင်း၍ (၂"×၄") ၊ (၁"×၂") ၊ ၁/၄" ၊ ၃/၄" အရွယ်ရှိ (chipping) ကျောက်များ၊ ၃.၈" အရွယ်ရှိ (topping) ကျောက် များနှင့် ကျောက်မှုန့် (fine) များထွက်ရှိသည်အထိ ကြိတ်ခွဲပါသည်။ တစ်နှစ်လျှင် ကျောက်ကျင်းရေ (၁၅၀၀) ခန့်ထုတ်လုပ်မည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ပတ်ဝန်းကျင်တွင် လေကာပင်၊ အရိပ်ရပင်၊ လေထုကိုသန့်စင်မည့် အပင်များ ပြန်လည်စိုက်ပျိုးရန်၊

(၂) ကျောက်အမှုန်လွင့်စင်မှုကို လျှော့ချစေနိုင်သည့် Buffer Zone ထားရှိရန်၊

(၃) မြေကြီးအား ရေဖျန်းပေးရန်၊

(၄) လေအရည်အသွေးကိုသိစေရန် တိုင်းတာစစ်ဆေးရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အင်ဂျင်ဝိုင်များ၊ စက်သုံးဆီများလွင့်စင်မှုမရှိစေရေး စနစ်တကျကိုင်တွယ်ထားရှိရန်၊

(၂) မိလ္လာကန်များလုံလောက်စွာ စနစ်တကျတူးဖော်ထားရှိရန်၊

(၃) ရေစီးရေလာကောင်းအောင် ရေနုတ်မြောင်းများထားရှိရန်၊

(၄) ရေအရည်အသွေးကို သိစေရန်အတွက် ဓာတ်ခွဲခန်းတွင် စမ်းသပ်တိုင်းတာရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွင်း ဒီဇယ်ဆီသိုလှောင်သည့် နေရာ၊ ဂျင်နရေတာအခန်းနှင့် စက်များ ပြုပြင်ပြင်ဆင်သည့် အခန်းများအား ဆီမတော်တဆယိုဖိတ်မှုကြောင့် မြေထုညစ်ညမ်းမှု မရှိစေရန်အတွက် ကွန်ကရစ်များခင်းခြင်း/ တာရှည်ခံ အခင်းများ ပြုလုပ်ဆောင်ရွက်ရန်၊

(၂) မီးစက်များနှင့် လုပ်ငန်းသုံးယာဉ်များမှ ဆီများဖိတ်စင်မှုမရှိစေရေး ပုံမှန် စစ်ဆေးမှုများ ပြုလုပ်ခြင်းဆောင်ရွက်ရန်၊

(၃) လောင်စာဆီများ၊ စက်သုံးဆီများလေလွင့်ယိုဖိတ်မှုမရှိစေရန် ကိုင်တွယ်အသုံးပြု ခြင်းအား စနစ်တကျ ကြပ်မတ်ခြင်းဆောင်ရွက်ရန်၊

(၄) အပေါ်ယံမြေဆီလွှာကို စနစ်တကျဖယ်၍ ပြန်လည်မြေဖို့ပေးခြင်း ဆောင် ရွက်ရန်၊

(၅) မိုးရာသီတွင် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်ခြင်း ဆောင်ရွက်ရန်၊

(၆) မတ်စောက်သောနေရာများတွင် အပင်များခုတ်ထွင်ရှင်းလင်းသောအချိန်တွင် မြေဆီလွှာအား တူးဖော်ခြင်းမပြုလုပ်မိစေရန်အတွက် ဂရုတစိုက်ဆောင်ရွက် ရန်၊

(၇) လုပ်ငန်းဧရိယာအတွင်း သစ်ပင်များပြန်လည်စိုက်ပျိုးပေးခြင်းများ ဆောင်ရွက်ရန်။

( စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ယမ်းပြင်းအားကို လျှော့ချအသုံးပြုစေခြင်း၊ မိုင်းခွဲစက်၊ ကျောက်ခွဲစက်၊ မီးစက်များအား ဆူညံသံလျှော့ချနိုင်ရန်အတွက် အသံထိန်းပစ္စည်းများ တပ်ဆင်အသုံးပြုရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှုကို လျှော့ချစေနိုင်သည့် Buffer Zone ထားရှိရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်မြေစာများအား စုပုံထားခြင်းမရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊

(၂) ကျေးရွာလမ်းများ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ မြေနိမ့်များ၊ ကျင်းများ၊ ချိုင့်များ၊ ကုန်ထုတ်လမ်းနှင့် အခြားလိုအပ်သည့်နေရာများတွင် မြေဖို့ခြင်းများ ဆောင်ရွက်ရန်၊

(၃) မိလ္လာကန်များလုံလောက်စွာ စနစ်တကျတူးဖော်ထားရှိရန်၊

(၄) ရေစီးရေလာကောင်းစေရန် ရေနုတ်မြောင်းများဖောက်လုပ်ထားရှိရန်၊

(၅) စက်သုံးဆီအကြွင်းအကျန်များကို ဆီပိုင်းပြတ်အဟောင်းတစ်ခုထားရှိကာ ယင်းထဲသို့ စွန့်ပစ်စေခြင်းများ ဆောင်ရွက်ရန်နှင့် ရေနံချေးနှင့်ရော၍ လုပ်သားတန်းလျားနှင့် တိုင်များတွင် သုတ်ခြင်းများဆောင်ရွက်ရန်၊

(၆) ကျောက်ခွဲစက်နှင့် ဝန်ထမ်းအိမ်ရာများ၏ အဝေးဆုံးတွင်တည်ရှိသော စွန့်ပစ်ပစ္စည်းကျင်း (၁၀'×၁၀'×၂') ထဲသို့ စနစ်တကျစွန့်ပစ်ခြင်းများဆောင်ရွက်ရန်၊

(၇) စွန့်ပစ်အမှိုက်များကို မြေကြီးထဲသို့ စိမ့်ဝင်မှုမရှိအောင် အမှိုက်ကျင်းကို ကွန်ကရစ်လောင်းခြင်း၊ တာလပတ်ခံခြင်းတို့ဖြင့် စနစ်တကျဆောင်ရွက်ထားရှိရန်၊

(၈) ဝန်ထမ်းများအား စနစ်တကျအမှိုက်စွန့်ပစ်စေရေး အသိပညာပေးခြင်းနှင့် စနစ်တကျစွန့်ပစ်ရန်အတွက် ရုံးပိုင်းအုပ်ချုပ်ရေးဝန်ထမ်းများမှ ကြီးကြပ်စေခြင်းများ ဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အသံပိုမိုထိန်းချုပ်နိုင်စေရန်အတွက် အိတ်ဇောတပ်ဆင်ခြင်း၊ အင်ဂျင်များအား

ကွန်ကရစ်ဖြင့်ကာရံရန်နှင့် လေကာပင်၊ အရိပ်ရပင်များ ထပ်မံစိုက်ပျိုးရန်၊

(၂) ဒေသနှင့်လျော်ညီ၍ လေထုကိုသန့်စင်စေသည့် သစ်ပင်များစိုက်ပျိုးရန်၊

(၃) လုပ်ငန်းအား ညအချိန်တွင် ဆောင်ရွက်ခြင်း (လုံး၀) ရှောင်ရှားရန်၊

(၄) ကျောက်မိုင်းခွဲချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် ဆူညံသံနှင့်တုန်ခါမှုတို့ကို လျှော့ချစေနိုင်သည့် Buffer Zone ထားရှိရန်၊

(၅) ကုန်ထုတ်လမ်းတစ်လျှောက်ရှိ သဘာ၀အပင်များတွင် သက်ရှိများ ကျက်စားနေထိုင်လျက်ရှိသောကြောင့် ကုန်ထုတ်လမ်းကို ယခင်လုပ်ငန်း မစတင်စဉ်ကပင်ရှိနေသည့်လမ်းကိုသာ အသုံးပြုရန်၊

(၆) လမ်းသစ်ဖောက်ခြင်း၊ ယာယီလမ်းဖောက်ခြင်း၊ အပင်ကြီးများခုတ်လှဲခြင်းများလုံး၀ဆောင်ရွက်မှုမရှိခြင်း၊ သဘာ၀စိမ့်စမ်း၊ ရေထွက်များရှိပါက ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၇) လေ၊ ရေ၊ မြေအရည်အသွေးကျဆင်းခြင်းမရှိအောင် စနစ်တကျဆောင်ရွက်၍ သတ်မှတ်ထားသည့်အချိန်တွင် တိုင်းတာစစ်ဆေးရန်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်ခြင်းမပြုမီ ကြီးကြပ်သူကိုယ်တိုင်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည့်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ ကျောက်တောင်မှ ကျောက်သား ထုကွဲအက်နေခြင်း၊ လှုပ်ရှားခြင်း ရှိ/ မရှိ စစ်ဆေးရန်၊

(၂) ကျောက်ထုတ်လုပ်ငန်းခွင်၏ သတ်မှတ်ဧရိယာအတွင်းသို့ လူ၊ ယာဉ်၊ တိရစ္ဆာန်စသည်ဖြင့် မည်သူမျှ၀င်ရောက်ခြင်းမပြုနိုင်ရေး ကြီးကြပ်သူ (မန်နေဂျာ) မှ လုံခြုံရေး ဝန်ထမ်းသို့ အထူးကြပ်မတ်ရန် ညွှန်ကြားထားရှိရန်၊

(၃) ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်နေချိန်တွင် လေမှုတ်စက်၊ ဂန်းထိုးစက်စသည့်ပစ္စည်းများကို ကျွမ်းကျင်သူမှ ကိုင်တွယ်ရန်နှင့် မီးစက်အား မီးစက်မောင်းသူမှအပ ကိုင်တွယ်ခြင်းမပြုရေး ညွှန်ကြားထားရှိရန်၊

(၄) ကျောက်မိုင်းခွဲခြင်းမဆောင်ရွက်မီ (၁၅) မိနစ်ကြိုတင်၍ အချက်ပေးခရာမှုတ်ခြင်း၊ အော်ဟစ်သတိပေးခြင်း၊ လက်ကိုင်အသံချဲ့စက်ဖြင့် နှိုးဆော်ခြင်း၊ ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် ကိုက် (၁၀၀) ခန့်နေရာ၌ လူ၊ ယာဉ်၊

တိရစ္ဆာန်များကို (ယာဉ်) တားဆီးခြင်းဆောင်ရွက်ပြီးမှ မိုင်းခွဲစေခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းဆောင်ရွက်စဉ် ကျောက်ထုလုပ်သားများအားဘေးအန္တရာယ် မကျရောက်သည့် နေရာတွင်သာ လုပ်ငန်းဆောင်ရွက်ရန်၊

(၆) ကျောက်များကို ယာဉ်ပေါ်သို့ သယ်ဆောင်ခြင်းပြုလုပ်ရာ၌ မြင့်လွန်းသော ယာဉ်များအတွက် ဘက်ဟိုးဖြင့်တင်ခြင်းများ ဆောင်ရွက်ရန်၊

(၇) ကျောက်ခွဲစက်အနီးမှ ယာဉ်များသယ်ယူသွားလာရာတွင် လုပ်ငန်းဆောင်ရွက်နေသော အလုပ်သမားများကို မထိခိုက်စေရန်ညွှန်ကြားထားရှိရန်၊

(၈) အလုပ်သမားများအား နှာခေါင်းစည်း၊ လက်အိတ်နှင့် လည်ရှည်ဖိနပ်များအား ဝတ်ဆင်စေရန်ဆောင်ရွက်ထားခြင်းနှင့် ကြီးကြပ်သူအား စစ်ဆေးရန်၊

(၉) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်းဘုတ်များထားရှိခြင်း၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ပွန်းပဲ့ဒဏ်ရာရရှိမှုများဖြစ်ပေါ်ပါက ရှေးဦးသူနာပြုစုစောင့်ရှောက်ရေးအတွက် အရေးပေါ်သုံးဆေးသေတ္တာတစ်လုံးထားရှိခြင်းနှင့် မန်နေဂျာ၊ ရုံးဝန်ထမ်းများကို ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ သင်တန်းများလေ့ကျင့်သင်ကြားပေးရန်၊

(၁၀) အရေးပေါ်ထိခိုက်ဒဏ်ရာရရှိသူများအတွက် ချောင်းနှစ်ခွတိုက်နယ်ဆေးရုံသို့မဟုတ် မော်လမြိုင်ဆေးရုံသို့ပို့ဆောင်ပေးနိုင်ရန် လုပ်ငန်းသုံးမော်တော်ယာဉ် (၁) စီးထားရှိရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပြိုခြင်းနှင့် ကျင်းပြိုခြင်းတို့အတွက် ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၂) မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်အနေဖြင့် ကြိုတင်ကာကွယ်ရန်၊ မီးသတ်ဆေးဘူးထားရှိမှု၊ မီးငြိမ်းသတ်ရန်ရေရှိရေးဆောင်ရွက်မှု၊ အရန်မီးစက်ထားရှိရန်နှင့် မီးလောင်ချိန်တွင် လျှပ်စစ်မီးရရှိရေးစီစဉ်ထားရှိရန်၊ ကွပ်ကဲရေးအဖွဲ့၊ အနီးကပ်မီးငြိမ်းသတ်ရေးအဖွဲ့များ၊ အရံမီးငြိမ်းသတ်ရေးအဖွဲ့၊ ပစ္စည်းများရွှေ့ပြောင်းရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် အရေးပေါ်ဆေးကုသရေးအဖွဲ့၊ ပြန်လည်နေရာချထားရေးအဖွဲ့များ ဖွဲ့စည်းထားရှိရန်၊

(၃) ရေကြီးခြင်းအတွက် ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) စက်မှုဆိုင်ရာ အန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်များ ဆောင်ရွက်ထားရှိရန်။

(ဠ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးတိုင်းတာခြင်းအား လုပ်ငန်းမှထွက်ရှိလာသော စွန့်ပစ်ရေနှင့် သုံးရေများကို တိုင်းတာစစ်ဆေးခြင်း (Temperature, pH, Iron, Total Suspended Solid, Dissolved Solid, Manganese, Colour (True), Turbidity, Conductivity, Total Haedness, Calcium Hardness, Magnesium Hardness, Total Alkalinity, Phenolphthalein, Alkalinity, Carbonate (CaCO3), Bicarbonate (HCO3), Chloride, Sodium Chloride, Acidity, Methyl Orange, Salinity) တို့အား တစ်နှစ်လျှင် နှစ်ကြိမ်တိုင်းတာရန်၊

(၂) လေအရည်အသွေးတိုင်းတာခြင်းအား $NO_2$, $SO_2$, $PM_{2.5}$, $PM_{10}$, $O_3$, CO, Temperature, Wind Speed, Wind direction, Relative Humidity တို့အား လုပ်ငန်းခွင်အတွင်း တစ်နှစ်လျှင် နှစ်ကြိမ်တိုင်းတာရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုအား လုပ်ငန်းခွင်အတွင်း တစ်နှစ်လျှင် တစ်ကြိမ်တိုင်းတာရန်၊ မြေအရည်အသွေးအား တိုင်းတာစစ်ဆေးခြင်း (pH, Conductivity, Moisture, Copper, Cadmium, Lead) တို့အား တစ်နှစ်လျှင် နှစ်ကြိမ်တိုင်းတာရန်၊

(၄) စွန့်ပစ်ပစ္စည်း (အစိုင်အခဲ)၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်တို့အား လစဉ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်။

(ဋ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကို (၃-၅-၂၀၁၈) ရက်နေ့တွင် လုပ်ငန်းဆောင်ရွက်သည့်နေရာနှင့် အနီးဆုံးရှိလွှစင်ကုန်းကျေးရွာ၊ အုပ်ချုပ်ရေးမှူးရုံး၌ လွှစင်ကုန်းကျေးရွာမှရွာသားများအပါအဝင်လူဦးရေ (၁၅) ဦးခန့်တက်ရောက်ခဲ့ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာနေရာသည် လွှစင်ကုန်းကျေးရွာနှင့် (၂) မိုင်ခန့်ကွာဝေးပြီး အနီးဆုံး

ဖြစ်ကြောင်း၊ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများကို လုပ်ငန်းလည်ပတ်မည့် ပွင့်လင်းရာသီအစတွင် (၁) ကြိမ်၊ လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း (၁) ကြိမ်၊ တစ်နှစ်လျှင် (၂) ကြိမ် ဆောင်ရွက် သွားရန်လျာထားကြောင်း၊ ဆွေးနွေးပွဲတွင် တက်ရောက်သူများ၏ ဆွေးနွေးပွဲမှတ်တမ်း ဓာတ်ပုံများအား ပူးတွဲများဖြင့် လည်းကောင်း၊ ဆွေးနွေးချက်များ၊ အကြံပြုချက်များ၊ ဒေသခံပြည်သူများ၏ လိုလား တောင်းဆိုချက်များ၊ ညှိနှိုင်းမှုရလဒ်မှတ်တမ်းများကို ဖော်ပြထားပါသည်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် အစီရင် ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက် ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေး အစီ အစဉ်များအတွက် ရန်ပုံငွေကျပ် (၁,၂၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၂) ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် (လုပ်ငန်းမစတင်မီ၊ လုပ်ငန်း ဆောင်ရွက်နေသည့် ကာလ၊ လုပ်ငန်းပိတ်သိမ်းသည့်ကာလ) အတွက် ရန်ပုံငွေ ကျပ် (၆,၁၀၀,၀၀၀) ခန့်လျာထားသုံးစွဲရန်။

(ဏ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) ပိတ်သိမ်းပြီးနောက် ကျန်ရှိသည့် အဆောက်အဦ/ စက်ကိရိယာများအား တန်ဖိုးလျှော့ဖြင့် လုပ်ငန်းလုပ်မည့်သူများထံသို့ရောင်းချရန်နှင့် ဝန်ထမ်း များ၏ နေအိမ်အတွက် လိုအပ်ပါက (ဥပမာ- အမိုး၊ အကာ၊ သွပ်) များကို ပြန်လည်ဝေငှရန်၊ စက်သုံးဆီနှင့် အင်ဂျင်ဝိုင်အကြွင်းအကျန်ဟောင်းများအား ရေနံချေးနှင့်ရော၍ ဝန်ထမ်းများ၏ နေအိမ်နံရံများနှင့် အိမ်တိုင်များတွင် သုတ်ရန်အတွက် ပြန်လည်ဝေငှခြင်းတို့အား ပြုလုပ်သွားရန်၊

(၂) လုပ်ကွက်အတွင်း တည်ဆောက်ထားသော လူနေအဆောက်အဦများ ကောင်းမွန်ခြင်း မရှိပါက ဖျက်သိမ်းခြင်း၊ ကောင်းမွန်၍ အသုံးပြုနိုင်ပါက ဒေသခံဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးများအတွက် လွှဲပြောင်းပေးနိုင်ရေး

ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားရန်၊

(၃) စိမ်းလန်းမြေ (Green Zone) တည်ထောင်ခြင်းအစီအစဉ်နှင့်ပတ်သက်၍ လုပ်ကွက်အတွင်း ကျွန်းနှင့် အခြားဒေသခံသစ်မျိုး၊ ကြီးမြန်သစ်မျိုး၊ စက်မှုကုန်ကြမ်းသစ်မျိုး စုစုပေါင်း (၃၀၀) ပင်အား ခွင့်ပြုမိန့်ရရှိပါက စိုက်ပျိုးခြင်းတို့အား ဆောင်ရွက်သွားရန်၊

(၄) အကွက်ရိုက်ထားသည့်နေရာတွင် ပျိုးထောင်ထားသည့် ပျိုးပင်များစိုက်ပျိုးခြင်း၊ ကျိုက်မရောမြို့နယ်၊ သစ်တောဦးစီးဌာနနှင့်ညှိနှိုင်း၍ မြေပြင်တွင် စိုက်ပျိုးရန်အတွက် တိုင်းတာခြင်း၊ သစ်ပင်များရေလောင်းခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့အတွက် အသုံးပြုရန် လက်ရှိအသုံးပြုနေသောရေတွင်းအား ရေရှည်တည်တံ့အောင် ပြုပြင်ခြင်းတို့အား ဆောင်ရွက်သွားရန်၊

(၅) အပေါ်ယံမြေဆီလွှာစုပုံထားရှိမှုအား ဖော်ပြရာတွင် အပေါ်ယံမြေဆီလွှာနှင့် တူးဖော်ထားသည့် စွန့်ပစ်မြေစာများကို ကျင်း၊ ချိုင့်များထဲသို့ ဖြည့်ထည့်ခြင်း၊ ပြန်လည် မြေဖို့မြေညှိပြုပြင်သည့်လုပ်ငန်းများတောင်ရွက်ပြီး အစားထိုး သစ်ပင်များ ပြန်လည် စိုက်ပျိုးပေးခြင်းတို့အား ဆောင်ရွက်သွားရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမှုလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့်

ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး

နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၇.၁ ပါ Parameter များ တိုင်းတာ၍သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဓ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက် အတွင်းလည်းကောင်း ဝန်ကြီး ဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြု

သူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီး နောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံ ချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ် များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီ အစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များ အား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး

ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှု နိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင် ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့်သီးခြားရေးသားသဘောတူထားခြင်း မရှိ ပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့်ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာန သို့ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စ ရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်း ကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာ နေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများ ပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီး နောက်(၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီ ထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည်သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေး သည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြု ခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ် ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သဃံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ် တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင် နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင် ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက် ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---